**၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ငွေစာရင်းထိန်းသိမ်းနည်းနှင့် ရုံးလုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ်(၂/၂၀၁၅)ဖွင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့သည့်သတင်း**

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ငွေစာရင်းထိန်းသိမ်းနည်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ သင်တန်း အမှတ်စဉ်(၂/၂၀၁၅)ဖွင့်ပွဲအခမ်းအနားကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနား၌ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်မှ အဖွင့်အမှာစကား ပြောကြားရာတွင် ရငွေသုံးငွေများကို စနစ်တကျစီမံကွပ်ကဲနိုင်ရန်၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု တိုးပွားလာစေရန်၊ ဘဏ္ဍာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ သိရှိနိုင်စေရန်၊ ရငွေသုံးငွေများကို စစ်ဆေးကြီးကြပ်နိုင်စေရန်၊ ငွေစာရင်းဘဏ္ဍာစာရင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းထားရှိနိုင်ရန်၊ ပြည်သူ့ဘဏ္ဍာငွေများကို ထိရောက်မှန်ကန်စွာ သုံးစွဲနိုင်ရန်နှင့် ရုံးလုပ်ငန်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သင်တန်းအားဖွင့်လှစ်ပါကြောင်း၊ ခေတ်စနစ်တွေ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ ဝန်ထမ်းများ၏ စိတ်ဓါတ်များသည် ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲရမှာဖြစ်ကြောင်း၊ ဒီသင်တန်းမှပို့ချလိုက်တဲ့ ဘဏ္ဍာရေးဆိုင်ရာ ပညာရပ်နှင့် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်တွေကို အလေးထားလိုက်နာ မှတ်သား သင်ယူ၍ စာတွေ့သာမက လက်တွေ့နယ်ပယ်မှာပါ အသုံးချနိုင်ရန် ဂရုတစိုက် ကြိုးစားလေ့လာ သင်ယူသွားစေလိုကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းကာလမှာ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှ ဇူလိုင်လ ၂၄ ရက်နေ့အထိ ရက်သတ္တပတ်(၃)ပတ် ပို့ချမည်ဖြစ်ရာ အဆိုပါသင်တန်းသို့ ဌာနတွင်းမှ ဆရာ၊ ဆရာမများ၊ စာရင်းစစ်ချုပ်ရုံးမှ ဆရာများ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဆရာများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ဆရာများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆရာများမှ လာရောက်ပို့ချပေးမည်ဖြစ်ပြီး ဤဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန၊ အဖွဲ့များမှ အရာထမ်းအမှုထမ်း(၂၉)ဦး တက်ရောက်မည်ဖြစ်ပါသည်။